# Solemnity of the Most Holy Trinity – (Year B)

## 1st READING: *Deuteronomy 4:32-34, 39-40*

တရားဟောရာကျမ်း ၄း ၃၂–၃၄။ ၃၉–၄၀

ဘုရားသခင်သည်မြေကြီးပေါ်မှာလူကိုဖန်ဆင်းတော်မူသောနေ့မှစ၍၊ သင်တို့မဖြစ်မီလွန်လေပြီးသောကာလပတ်လုံး၊ မိုဃ်းကောင်းကင်တဘက်မှတဘက်တိုင်အောင်မေးမြန်းကြလော့။ ဤမျှလောက်ကြီးသောအမှုဖြစ်ဘူးသလော။ ဤကဲ့သို့သောအမှု၏သိတင်းကိုကြားဘူးသလော။ ဘုရားသခင်သည်မီးထဲကမိန့်မြွက်တော်မူသံကိုသင်တို့သည်ကြားသကဲ့သို့၊ အခြားသောလူမျိုးသည်ကြား၍၊ အသက်ချမ်းသာရဘူးသလော။ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည်၊ အဲဂုတ္တုပြည်မှာသင်တို့မျက်မှောက်၌ပြုတော်မူသကဲ့သို့၊ စုံစမ်းခြင်းနိမိတ်လက္ခဏာနှင့်အံ့ဘွယ်သောအမှုတို့ကိုပြခြင်း၊ စစ်မှုကိုရောက်စေခြင်း၊ အားကြီးသောလက်ရုံးတော်ကိုဆန့်ခြင်း၊ ကြောက်မက်ဘွယ်သောရူပါရုံတို့ကိုပြခြင်းအားဖြင့်၊ အခြားတပါးသောဘုရားသည်သွား၍လူတမျိုးထဲကတမျိုးကိုမိမိတို့နှုတ်ယူဘူးသလော။ သို့ဖြစ်၍ထာဝရဘုရားသည်အထက်ကောင်းကင်ပေါ်၊ အောက်အရပ်မြေကြီးပေါ်မှာဘုရားသခင်ဖြစ်တော်မူကြောင်းကို၎င်း၊ ယနေ့သိမှတ်၍နှလုံး၌သွင်းမိကြလော့။ သင်တို့နှင့်တကွသားမြေးတို့သည်ချမ်းသာရခြင်းငှါ၎င်း၊သင်တို့၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်၌အသက်တာရှည်စေခြင်းငှါ၎င်း၏ယနေ့ငါမှာထားသောပညတ်တရားတော်တို့ကိုစောင့်ရှောက်ရကြမည်ဟုမောရှေသည်ဟောပြောလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps  33:4-5, 6,9,18-19, 20, 22

ဆာလံကျမ်း ၃၃

**သံပြိုင်။ ။** ထာဝရဘုရားကိုမိမိတို့၏ဘုရားအဖြစ်အသိအမှတ်ပြုသောလူမျိုးသည်မင်္ဂလာရှိ၏။

R. **Blessed the people the Lord has chosen to be his own**

၁။ ထာဝရဘုရား၏နှုတ်ကပတ်တော်သည်မှန်ကန်ဖြောင့်မတ်ပေ၏။ကိုယ်တော်ဆောင်ရွက်တော်မူသမျှတို့သည်သစ္စာတရားနှင့်လျော်ညီကြ၏။ထာဝရဘုရားသည်တရားမျှတမှုနှင့်ဖြောင့်မတ်မှန်ကန်မှုတို့ကိုနှစ်သက်မြတ်နိုးတော်မူ၏။ ကမ္ဘာမြေကြီးသည်ထာဝရဘုရား၏ခိုင်မြဲသောမေတ္တာတော်နှင့်ပြည့်ဝလျက်ရှိ၏။ **(သံပြိုင်)**

Upright is the word of the LORD, and all his works are trustworthy. He loves justice and right; of the kindness of the Lord the earth is full.

၂။ ထာဝရဘုရား၏အမိန့်တော်အားဖြင့်မိုးကောင်းကင်ကိုလည်းကောင်း၊နှုတ်ထွက်စကားအားဖြင့်များပြားလှသောကောင်းကင်တန်ဆာများကိုဖန်ဆင်းတော်မူ၏။ထာဝရဘုရားမိန့်မြွက်တော်မူသောအခါကမ္ဘာလောကသည်ဖြစ်ပေါ်လာ၏။ ကိုယ်တော်အမိန့်ပေးတော်မူသောအခါ၊ခပ်သိမ်းသောအရာတို့သည်ခိုင်ခန့်စွာပေါ်ပေါက်လာ၏။ **(သံပြိုင်)**

By the word of the LORD the heavens were made; by the breath of his mouth all their host. For he spoke, and it was made; he commanded, and it stood forth.

၃။ ထာဝရဘုရားသည်မိမိအားကြောက်ရွံ့သောသူအပေါင်းတို့နှင့်ခိုင်မြဲသောမေတ္တာတော်ကိုမျှော်လင်ကိုးစားသောသူအပေါင်းတို့အားသေဘေးမှကင်းလွတ်စေပြီး၊အစာခေါင်းပါးသည့်ကာလ၌အသက်ရှင်စေရန်ကြည့်ရှုလျက်ရှိတော်မူ၏။ **(သံပြိုင်)**

See, the eyes of the LORD are upon those who fear him, upon those who hope for his kindness, To deliver them from death and preserve them in spite of famine.

၄။ ငါတို့သည်ထာဝရဘုရားကိုမျှော်လင့်ကိုးစားပါ၏။ကိုယ်တော်သည်ငါ့တို့အားကူညီမစသူ၊အကာအကွယ်ပေးသူဖြစ်တော်မူ၏။ အိုထာဝရဘုရား၊တပည့်တော်တို့သည်ကိုယ်တော်ကိုမျှော်လင့်ကိုးစားကြသည်နှင့်အညီကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်ကိုတပည့်တော်တို့အပေါ် သက်ရောက်စေတော်မူပါ။ **(သံပြိုင်)**

Our soul waits for the LORD, who is our help and our shield. May your kindness, O LORD, be upon us who have put our hope in you.

## 2nd READING: *Romans: 8:14-17*

**ရောမသြဝါဒစာ ၈း၁၄–၁၇**

ဘုရားသခင်ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကိုခံယူသောသူတို့သည်ဘုရားသခင်၏သား၊သမီးများဖြစ်ကြ၏။ဘုရားသခင်ထံတော်မှသင်တို့သည်ကျွန်စိတ်ဓာတ်ကိုရရှိခဲ့ကြသည်မဟုတ်သောကြောင့်ကြောက်ရွံ့ရန်မလိုပေ။သင်တို့သည်သားသမီးတို့၏စိတ်ဓါတ်ကိုရရှိခဲ့သောကြောင့်'အဗ္ဗ'၊အဘဟုကြွေးကြော်နိုင်ကြ၏။ငါတို့သည်ဘုရားသခင်၏သားများဖြစ်ကြကြောင်းကိုဝိညာဉ်တော်ကိုယ်တိုင်ကပင်ငါတို့၏ဝိညာဉ်နှင့်အတူသက်သေခံတော်မူ၏။ငါတို့သည်သားသမီးအမွေစားအမွေခံများဖြစ်ကြလျှင်အမွေစားအမွေခံများလည်းဖြစ်ကြ၏။ထို့ကြောင်ငါတို့သည်ဘုရားသခင်၏သားသမီးများဖြစ်ကြသဖြင့်ခရစ်တော်နှင့်လည်းအတူတကွအမွေတော်ကိုခွဲဝေခံစားကြရမည်ဖြစ်၏။အကြောင်းမူကားငါတို့သည်ခရစ်တော်နှင့်အတူဆင်းရဲဒုက္ခခံစားကြလျှင်ထိုသခင်နှင့်အတူဘုန်းစည်းစိမ်တော်ကိုခံစားကြရမည်ဖြစ်သောကြောင့်တည်း။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: *Matthew 28:16-20*

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၈း ၁၆–၂၀

တပည့်တော်တစ်ဆယ့်တစ်ပါးတို့သည် သခင်ယေရှုး မှာကြားထားတော်မူသည့် အတိုင်းဂါလိလေနယ်ရှိ တောင်ပေါ်သို့သွားကြ၏။ သူတို့သည်ကိုယ်တော့်ကိုတွေ့မြင်ကြသောအခါပျပ်ဝပ်ရှိခိုးကြ၏။ သို့သော် အချို့မူကားယုံမှားသံသယရှိကြ၏။ သခင်ယေရှုးသည်သူတို့အနီးသို့ချဉ်းကပ်တော်မူလျက်ကောင်းကင်ဘုံ၌လည်းကောင်း၊ ကမ္ဘာပေါ်၌လည်းကောင်းစီရင်ပိုင်ခွင့်အာဏာရှိသမျှကိုငါ့အားပေးအပ်ထားလျက်ရှိ၏။ ထို့ကြောင့်သင်တို့သည်သွားကြ၍လူမျိုးတကာတို့ကိုငါ၏တပည့်များဖြစ်စေကြလျက်ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်မြတ်၌ဆေးကြောကြလော့၊ သင်တို့အားငါမိန့်မှာထားသမျှကိုလိုက်နာကျင့်ကြံစေခြင်းငှာသူတို့ကိုသွန်သင်ကြလော့။ ငါသည်ကားကမ္ဘာကုန်မည့်တိုင်အောင်သင်တို့နှင့်အတူအစဉ်မပြတ်ရှိမည်ဟုသူတို့အားမိန့်တော်မူသတည်း။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**